စိုးမိုးစာပေ

ပျားအကဆစ်လိပ်ပြာ



COVER Idea Kyaw

အခန်း(၁)

"အယ်"

ခြေလှမ်းတို့ တုံ့ခနဲဖြစ်ကာ နှုတ်က အာမေဋိတ်သံတောင်ထွက်သွားမိသည် အထိ။

လ က် ထဲ မှာ သယ်ဆောင်ယူလာသည့် ကော်ဖီပန်းကလေးထဲကို ငုံ့ကြည့်မိသည် ။ ခွက်ထဲက ကော်ဖီတွေ လှုပ်ခတ်နေဆဲရှိသည် ။

ကော်ဖီထဲကို တစ်စုံတစ်ခုတော့ ပြုတ်ကျသွားတာ သေချာသည် ။ ဘာလဲ။ ဘယ်ကလဲ သူတွေးရင်း ပတ်ဝန်းကျင်ကို ချာခနဲလှည့်ပတ်ကြည့်မိသည် ။

ရှုပ်ယှက်ခတ်နေလောက်အောင်လည်း ဆိုင်ထဲမှာ စည်ကားနေတာမျိုးမဟုတ်။ သူနှင့်မျက်နှာချင်းဆိုင် ဖြတ်သွားသူဆို၍ တစ်ဦးတစ်ယောက်ပဲ ရှိပါသည် ။

နောက်ကို လှည့်ကြည့်တော့ မိန်းကလေးတစ်ယောက်။

ရွှေအိုရောင် ဆံနွယ်အခွေအလိပ်တွေကို ဦးခေါင်းပေါ်မှာ မြင့်မြင့်ကလေး ထုံးဖွဲ့စည်းနှောင်ထားသည် ။ ကျောခိုင်းပြီး လှမ်းသွားနေဟန်ကနွဲ့နွဲ့နှောင်းနှောင်းကလေးပဲ ဖြစ်သည် ။

သူလှည့်ကြည့်ပေမဲ့ ကောင်မလေးက ယောင်လို့ တောင် လှည့်လို့

မကြည့်ပါ။

သူ့အာရုံက ကိုယ်တိုင်သယ်ယူလာသော ပန်းကလေးထဲက ကော်ဖီခွက်ဆီကို ပြန်ငုံကြည့်မိပြန်သည် ။

ကောင်တာမှာ စိတ်ကြိုက်မှာ ယူခဲ့သော ဘလူးမောင်တိန်တစ်ခွက်နှင့် မုန့်ပန်းကန်က လက်ရာမပျက် ရှိသည် ။

သူစိတ်က ထင်ယောင်မှားတာတော့ မဟုတ်နိုင် တွေးရင်းစားပွဲဝိုင်းမှာ ထိုင်စောင့်နေသော အာကာနှင့် နေဝဏ္ဏာတို့ ဆီ ဆက်လျှောက်ခဲ့သည် ။

စားပွဲမှာ ဝင်ထိုင်မိတော့ ပန်းကိုအသာချကာ မျက်မှောင်ကြီးကုပ်ပြီး ကော်ဖီခွက်ကို သူ ငုံကြည့်နေတာမို့

"ဘာဖြစ်လာတာလဲ ကျော်၊ ကော်ဖီသိုဏ်း မူးနေတာလား"

အာကာရဲ့ ဟာသကို မပြုံးနိုင်ပါ။ သူစိတ်ထဲက သံသယကိုပဲ ဖွင့်ပြောမိ၏။

"ငါ့ကော်ဖီခွက်ထဲမှာ တစ်ခုခု ရှိလိမ့်မယ်"

"အန် ဘာလဲကွ၊ မျက်လှည့်ပြမလို့ လား၊ ကော်ဖီခွက်ထဲမှာ ကော်ဖီပဲ ရှိမှာ ပေါ့ ဆန်းလို့ လား"

"ဘာမှ မရှိချင်ရင် ပြောလေ၊ တစ်မိနစ်အတွင်းမှာ မင်း ကော်ဖီတွေ ကုန်အောင် ငါ မျက်လှည့်ပြတတ်တယ် ကျော်"

အာကာနှင့်နေဝဏ္ဏာ တစ်ယောက်တစ်ခွန်းနောက်ပြောင်နေသည် ။ သူလက်ကာပြရင်း

"တကယ်ပြောတာ၊ ငါသယ်လာတုန်း တစ်ခုခု ပြုတ်ကျသွားတာ

သေချာတယ်"

"ဟာ မဖြစ်နိုင်တာ ဆိုင်အမိုးက ရှင်းသန့်နေတာကို"

"အေးလေ မဖြစ်နိုင်တာ"

"မဖြစ်နိုင်ဘူး မပြောနဲ့ ၊ တစ်ခုခုကျသွားသံကို ငါ ကြားတယ်၊ ကော်ဖီရည်တွေတောင် လှုပ်သွားခဲ့တာ"

သူပြောတော့ အာကာနှင့်နေဝင်္ဆာ ဘယ်လိုမှ မယုံကြည် လက်မခံနိုင်သလို ကြည့်နေကြသည် ။

"ဘာလဲ မင်းတို့ မယုံကြဘူးလား"

"ယုံချင်စရာလားကွာ၊ standard ရှိတဲ့ ဒီလိုဆိုင်မျိုးမှာ မင်းကော်ဖီခွက်ထဲ ဘာပြုတ်ကျစရာ ရှိမှာ လဲ"

"အေးလေ ဘယ်ငှက်က မစင်စွန့်မလဲ မင်းစဉ်းစားပေါ့"

"ဝဏ္ဏ မင်း သေချင်နေပြီထင်တယ်"

ဝဏ္ဏ မျက်နှာကို လက်သီးလက်ဆုပ်နှင့်ချိန်ရွယ်ရင်း သူ မကျေမနပ်ပြောတော့ ဝဏ္ဏ ရယ်ကျဲကျဲနှင့် ထိုင်ခုံမှာ ကျောကပ်အောင် မှီထိုင်သွားသည် ။

T.T.C ကျောင်းသားဘဝထဲက တွဲခဲ့သော ငယ်သူငယ်ချင်းတွေမို့ ပြောမနာ ဆိုမနာ ရှိခဲ့ကြသည် ။ သူ စလည်း စိတ်မဆိုး၊ ကိုယ် စလည်း မနာတမ်း ရှိခဲ့သူတွေ ဖြစ်၏။

ကိုယ်တိုင်က ကော်ဖီခွက်ထဲ တစ်စုံတစ်ခု ပြုတ်ကျသွားတာကို မြင်သည် ကြားသည် ပြောတာတောင် ဒီနှစ်ကောင်က မယုံဘဲ ဝိုင်းဖဲ့နေတော့ ကျော်ထင်ရှား စိတ်တော့တိမိသည် ။

ဒါကြောင့်လည်း ပန်းထဲက ဇွန်းငယ်လေးကို ကောက်ယူကာ လက်တွေ့ပြဖို့ ဆုံးဖြတ်လိုက်သည် ။

"ကဲ မင်းတို့ ယုံအောင် ငါ သက်သေပြမယ်"

ကျော်ထင်ရှား ပြောရင်း ဇွန်းနှင့် ကော်ဖီခွက်ထဲ တစ်ချက်မွှေလိုက်သည် ။

"ဟော တွေ့ပြီ"

ကျော့် မျက်ဝန်းတွေ ကျေနပ်တောက်ပသွားကာ ရေရွတ်လိုက်မိသည် ။ အာကာနှင့်ဝဏ္ဏာ ကိုယ်တွေ ကိုင်းညွတ်လာကာ ကော်ဖီခွက်ထဲကို အာရုံဝင်စား ငုံ့ကြည့်ကြသည် ။

"ဘာလဲဟ"

ဝဏ္ဏာ နှုတ်က ရေရွတ်ကာ မျက်လုံးကြီးပြူးပြဲ ငုံ့ကြည့်သည် ။ ကျော်နှင့်အာကာလည်း မျက်မှောင်ကြီးတွေ ကျုံ့လျက် ကြည့်ရှုလိုက်ကြသည် ။

ပန်းကန်လေးထဲမှာ တလဲ့လဲ့ တောက်ပနေသော အရာလေးက ပလက်တီနမ်ရောင် နားဆွဲလေးတစ်ဖက်ပဲ ဖြစ်သည် ။

"နားဆွဲလေးက့၊ မင်းဟာတော့ မဟုတ်ပါဘူးနော် ကျော်"

"သေလိုက်ပါလား၊ ငါဘယ်တုန်းက နားဆွဲ နားကပ်တွေ ဝတ်ဖူးလို့လဲ"

ကျော့်မျက်နှာကြီး ရှုံ့မဲ့ကာ ငြင်းသည် ။ ပန်းကန်ထဲက နားဆွဲလေးတစ်ဖက်က ထူးဆန်းပါသည် ။ ပြီးတော့ မိန်းကလေးတွေ ဆွဲတတ်သော် ဒီဇိုင်းပဲ ဖြစ်နိုင်၏။

သံကြိုးမျှင်မျှင်လေးတွေနှင့် ချိတ်ဆွဲထားသော နားဆွဲလေးကို ကျော်ဖျတ်ခနဲ ကောက်ယူကာ တစ်သျှူးနှင့်ပွတ်သုတ်သည် ။ ပြီးမှ လက်ဖဝါးပေါ်တင်ကာ ကြည့်၏။

နားဆွဲလေးက ဂီတသံစဉ်လေးတွေနှင့် အင်္ဂလိပ်အက္ခရာ Love ဟု စာတမ်းလေး ပုံဖော် ချိတ်ဆွဲထားသည် ။

"Love တဲ့ အချစ်ပေါ့"

နေဝဏ္ဏ နှုတ်က ထွက်လာသော အသံဖြစ်သည် ။ ကျော်ကတော့ လက်ထဲက နားဆွဲလေးကို ဆတ်ခနဲ ပစ်ချရင်း ကော်ဖီခွက်ကို နှမျောသည့် မျက်ဝန်းတွေနှင့်ကြည့်သည် ။

"သေစမ်းကွာ ငါ့ကော်ဖီတွေတော့ သွားပါပြီ"

စိတ်ကြိုက် မှာ ယူလာသော ဘလူးမောင်တိန်းအတွက် ကျော် စိတ်ပျက်လက်ပျက် ဖြစ်နေပေမဲ့ အာကာတို့ ကတော့ နားဆွဲလေးကိုပဲ အာရုံဝင်စားနေခဲ့သည် ။

နေဝဏ္ဏက နားဆွဲလေးကို ဆတ်ခနဲ ကောက်ယူပြီး အသေအချာ ကြည့်၏။

"Love ဆိုတော့ ကောင်းတဲ့ အတိတ်နိမိတ်ပဲပေါ့ကွ၊ မယုံမရှိနဲ့ ကျော်၊ ဒါမင်းအတွက် ထူးခြားတယ်၊ ဒါ မိန်းမတစ်ယောက်ရဲ့ ပစ္စည်းစစ်မှန်ရင်တော့ မင်းရဲ့ ဖူးစာရှင် ဖြစ်မှာ ကွ"

"အခုချိန်ထိ ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့တဲ့ ကောင်အတွက် ဖူးစာရေးနတ်က ဖူးစာရှင် ရှာပေးလိုက်တာပေါ့ကွ"

နှစ်ယောက်သား တစ်ယောက်တစ်ပေါက် ဖောက်နေသည် ။ ကျော်ကတော့ မိန်းမတစ်ယောက်ရဲ့ ပစ္စည်းဆိုသောစကားကြောင့်

သတိရသွားမိကာ ရွှေရောင် ဆံနွယ်လိပ်ကလေးတွေနှင့် ကောင်မလေး။

"ဟုတ်ပြီ ဖြစ်နိုင်တယ်"

ကျော့် နှုတ်က အသံထွက်အောင် ရေရွတ်လိုက်တော့ အာကာနှင့်နေ ဝဏ္ဏ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည် ။

"ကျော် မင်းလက်ခံတယ်ပေါ့၊ သံစဉ်လေးနဲ့ အချစ်ဆိုတဲ့ မိန်းကလေး က ဘယ်ပုံဖြစ်ဖြစ် မင်းလက်ခံပြီပေါ့ ဟုတ်လား"

"ဟာ ဘာတွေပြောနေတာလဲ ဝဏ္ဏရာ၊ ငါပြောတာက ငှဲကော်ဖီပန်း ကို ကိုင်လာတုန်းက ကောင်မလေးတစ်ယောက် အနားကဖြတ်သွားတာ ကို ပြောတာ"

"ဟေ ဟုတ်လား ဘယ်သူလဲ"

ဝဏ္ဏ စိတ်ဝင်စားစွာ မေးသည် ။ ကျော့် မျက်ဝန်းတွေက ဆိုင်ထဲကို ကျီးကန်းတောင်းမှောက် လိုက်လို့ ကြည့်သည် ။

သူမြင်ခဲ့တာ မိန်းကလေးရဲ့ မျက်နှာတော့ မဟုတ်ပါ။ မိန်းကလေးရဲ့ ရွှေရောင်ဆံပင်တွေပဲ ဖြစ်သည် ။

စားပွဲဝိုင်းက မိန်းကလေးမှန်သမျှ နံဘေးမှာ အတွဲရှိတာ မရှိတာ ဂရု မစိုက်ဘဲ ကျော် ငေးမောကြည့်သည် ။

ဟော တွေ့ပါပြီ။ ဆိုင်ရဲ့ ထောင့်စားပွဲမှာ မြင်လိုက်ရသော မိန်းက လေးတစ်ယောက်။ ရွှေရောင်ဆံနွယ် အခွေအလိပ်တွေက မမှတ်မိစရာ မရှိပါ။

စားပွဲဝိုင်းမှာ တစ်ယောက်တည်း ထိုင်နေပုံက အဖော်ပါဟန်မရှိတာ သေချာသည် ။ သူတို့ ဝိုင်းနှင့် အတော့်ကို အလှမ်းဝေးသည့် ဝိုင်းမှာ မို့ မျ

က်နာကို ထင်ထင်ရှားရှား မြင်တွေ့ခွင့်မရပါ။ ပြီးတော့ ထိုင်နေပုံက ကျောပေးထားသည့် အနေအထား ဖြစ်သည် ။

ရွှေအိုရောင် ဆံနွယ်အခွေအလိပ် ဆံပင်တွေကို လည်တိုင်လေးပေါ် လွင်အောင် ထုံးဖွဲ့ထား၏။

ရွှေရောင်လို ဝင်းမွတ်နေသည့် လည်တိုင်ပြည့်ပြည့်လေးက ဝင်းပစိုလဲ့နေသည် ။ လည်တိုင်အောက်က လည်ဂုတ်သားလေးတွေက လည်ဟိုက်အဖြူရောင် လက်ပြတ်အင်္ကျီလေးကြောင့် စွဲမက်ဖွယ်ကောင်းအောင် ဝင်းပြောင် စိုအိနေသည် ။

ကျော့် မျက်ဝန်းတွေက လည်တိုင်လေးဆီက အကြည့်တို့ ရွှေ့ပြောင်းကာ နားရွက် နုနုရဲရဲလေးဆီ အကြည့်ရောက်သွားခဲ့၏။

တကယ့်ကို သေချာပါသည် ။

သူမရဲ့ ညာဘက်နားနုနုလေးမှာ သံစဉ်လေးနှင့် Love နားဆွဲလေးရှိသည် ။ ဘယ်ဘက်နားလေးမှာ တော့ ဟာလာဟင်းလင်း ဖြစ်နေ၏။

ဒါဆို သေချာနေပြီပေါ့။ သူနံဘေးက ဖြတ်လျှောက်ရင်း ဒီမိန်းကလေးရဲ့ နားဆွဲလေးက ကော်ဖီပန်းကန်ထဲကို ပြုတ်ကျလာတာဖြစ်မည်။ အံ့ဩတိုက်ဆိုင်လွန်းတာတော့ အမှန်ပါပဲ။

တမင် ပစ်ချရင်တောင် ဒီနားဆွဲလေးက သူ့ ကော်ဖီပန်းကန်ထဲ ပြုတ်ကျလာဖို့ ဆိုတာ လွယ်သော ကိစ္စမဟုတ်ပါ။

အခုတော့ သူမရဲ့ နားရွက်လေးဆီက ပြုတ်ထွက်ကာ ကော်ဖီခွက်ထဲ ပြုတ်ကျလာပုံကတော့ တိုက်ဆိုင် ထူးခြားလွန်း၏။

ဒီအဖြစ်အပျက်တွေကို မိန်းကလေးက အခုထိတောင် သတိထားမိပုံမရှိ၊ သူကိုယ်တိုင် သူမရဲ့ နားဆွဲလေးယူကာ သွားအသိပေးလျှင်ကော

သင့်တော်ပါ့မည်လား။

သူမ ရုက်သွားမည် ထင်သည် ။ ဘယ်လိုလုပ်ရပါ့မလဲ။ ဘာကြောင့်မှန်းမသိ။ သူမ မျက်နှာလေးကိုလည်း သူ မြင်ချင်မိသည် ။

ချီတုံချတုံ အတွေးတွေနှင့် သူ တွေဝေနေတုန်းမှာ ခါးကြားက ဟန်းဖုန်းက ထမြည်သည် ။

အရေးထဲ ဘယ်ကဖုန်းလဲ မသိ။ ဖုန်းကိုယူကာ ဆိုင်ရဲ့ ဘေးဘက်က ဝရန်တာလေးဆီ ထွက်ခဲ့သည် ။

"ဟဲလို"

"ကျော် ငါပါဟာ၊ လာမယ့် ဆန်းဒေး နင်အိမ်မှာ စောင့်၊ ငါလာခဲ့မယ်"

ပြောပုံက အမိန့်ဆန်လွန်းသည် ။ ဒါက ဖန်ဖန် ဆိုသော ဖန်သားသွင်ရဲ့ အကျင့်။ သူမရဲ့ ဝသီ ဖြစ်သည် ။

"နေစမ်းပါဦး ငါက ဘာလို့ စောင့်ရမှာ လဲ ဘာကိစ္စလဲ"

"ငါလာတော့ ပြောမှာ ပေါ့၊ အရေးကြီးတာ နင် ဆက်ဆက်စောင့်နေ၊ ဒါနဲ့ အခု နင်ဘယ်မှာ လဲ၊ ငါ အိမ်ကို လှမ်းဆက်သေးတယ်၊ နင်မရှိဘူးဆိုလို့ "

မိန်းမဝီဝီ စပ်စုနေပြန်သည် ။ စကားတွေ အရစ်ရှည်နေမှာ မို့ သူ အမှန်အတိုင်း မပြောဖြစ်ပါ။

"ငါလား အာကာတို့ အိမ်မှာ ရောက်နေတာ"

"အာကာတို့ အိမ်မှာ ဟုတ်လား"

"အေး"

"အခု ငါ ကားပေါ်က ဆက်နေတာ၊ နင် အာကာတို့ အိမ်မှာ ရှိရင် ငါ

ဝင်လာခဲ့မယ်၊ ငါရောက်နေတာ အာကာတို့ အိမ်နဲ့ မဝေးဘူး ကျော်ရဲ့ "

အဲဒါမှ ကွိုင်။ သူရောက်နေတာ ကော်ဖီဘားလေးမှာ ဟု အခုမှ ပြန်ပြောလို့ လည်း မဖြစ်တော့ အခက်။

"လာမနေနဲ့ တော့ ငါတို့ အခုပဲ အပြင်လစ်တော့မှာ ၊ ကဲ ဒါပဲမဟုတ်လား ဖန်ဖန်"

"နေဦး မှာ စရာတွေ ရှိသေးတယ်၊ မာမီက နင့်အမေကို မှာ လိုက်တာတွေ ရှိတယ်၊ အသေအချာ နားထောင်ဦး"

"ဟာ နင့်ဘာသာ မာမီ့ဆီ ဖုန်းဆက်ပြီး ပြောလို့ ရသားပဲဟာ၊ ငါ့ကိုဘာလို့ တစ်ဆင့် မှာ နေတာလဲ"

"တစ်လက်စတည်းမို့ မှာ နေတာပေါ့၊ ငါပြောတာ နားထောင်စမ်းပါ "

စကားပြောလျှင် အမြဲတမ်း အကြောကြီးနှင့်မို့ ဖန်သားသွင်နှင့်သူ အစေးမကပ်တာ ဖြစ်သည် ။ မိဘတွေကော လူငယ်ချင်းပါ ခင်မင်သည် ဆိုပေမယ့် ဖန်သားသွင်ကိုတော့ သူ ကြည့်မရတာ အမှန်။

စတိတ်ကျောင်းပြီးတော့ ဖန်သားသွင်က ဆေးကျောင်း။ သူတို့ က ဝိဇ္ဇာသိပ္ပံကျောင်းမို့ မတူကြပါ။

ဒါလည်းကောင်းပါသည် ။ နို့မိုဆိုလျှင် ဖန်သားသွင်နှင့် သူ နီးတကျက်ကျက် ဖြစ်နေမှာ သေချာ၏။

မာမီတို့ လူကြီးတွေကိစ္စကို ဖန်သားသွင် တသီးတသန့်ကြီး မှာ မဆုံးတာကို သူ သည်းခံ နားထောင်ပေးနေရသည် ။

"ကဲ ရှင်းတယ်မို့လား ကျော်"

"အေး ဒါပဲ မဟုတ်လား ရပြီ"

စကားအဆုံးမှာ သူ ဖုန်းကို ပိတ်ပစ်လိုက်သည် ။ မရှင်းလျှင်လည်း မာမီသာ ဖုန်းဆက်မေးလိမ့်မည်။

ဖုန်းပိတ်ပြီး စားပွဲဝိုင်းကို သူ ပြန်သွားတော့ ဝဏ္ဏက

"ဘယ်က ဖုန်းလဲကွ"

"ဖန်သားသွင်ဆီက၊ အဲ ဘယ်ရောက်သွားလဲ"

ရွှေရောင် ကောင်မလေးဆီ သူလှမ်းကြည့်တော့ စားပွဲမှာ မရှိတော့ တာမို့ မေးမိ၏။

"ဘာလဲ မင်းနားဆွဲလား ဒီမှာ လေ"

"အဲဒါ မဟုတ်ဘူး ၊ နားဆွဲပိုင်ရှင် ကောင်မလေးလေ၊ စောစောက ဟောဟိုထောင့်ဝိုင်းမှာ ထိုင်နေတာ"

"ဟင် ဟုတ်လား ဘာလို့ ငါတို့ ကို မပြောတာလဲ"

"ပြောမလို့ ပဲ ဖုန်းဝင်လာလို့ ကွ၊ ဒုက္ခပါပဲ ပြန်ထွက်သွားပြီ ထင်တယ်"

"ဆိုင်ထဲ ဝင်တဲ့ သူတွေကော ထွက်သွားတဲ့ သူတွေကော အများကြီး ပဲဟာ၊ မင်းပြောမထားတော့ ဘယ်သိမှာ လဲကွ"

သွားပြီ။ သူ့ဘက်က ချွတ်ယွင်းချက်ဖြစ်သွားခဲ့တာဆိုတော့ သေလိုက်စမ်း။ စားပွဲပေါ်က နားဆွဲလေးကို သူ ကောက်ယူမိသည် ။

"ကောင်မလေးက လှရဲ့ လား ကျော်၊ မင်း မြင်လိုက်တယ်မို့လား"

"မျက်နှာမှ မမြင်တာ၊ ငါမှတ်မိတာ ဆံပင်တွေကွ"

"သေလိုက်စမ်းကွာ"

အာကာနှင့်ဝဏ္ဏတို့ ကောင်းချီးပေးကြသည် ။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ငြိမ်သက်ခံယူမိ၏။

လက်ထဲမှာ တော့ ပိုင်ရှင်မဲ့နေသော သံစဉ်လေးနဲ့ အချစ် နားဆွဲလေး ကျန်ရစ်ခဲ့ဆဲ။

***

အခန်း(၂)

"သားရေး မာမီ မီးခံသေတ္တာထဲမှာ ထည့်ထားတဲ့ စိန်ထုပ်ကို ယူပြီး မာမီ့ဆီကို လာပို့ပေးစမ်းပါကွယ်၊ ဒီမှာ ပစ္စည်းကြည့်မယ့်သူရောက်နေလို့ "

ကျော် သဘော်ဆင်းလို့ နားခွင့်ရတာ ရက်ပိုင်းလောက်သာ ရှိသေး၏ ။ ကိုယ့်မြေ ကိုယ့်ရေနှင့် ဝေးကွာနေခဲ့တာမို့ ရန်ကုန်ကို နေရာအနှံ့ လျှောက်လည်ချင်မိသည် ။ အပေါင်းအသင်း မိတ်ဆွေတွေထံလည်း သွားလည်ချင်၏။

ဒီနေ့တော့ဖြင့် မြို့တစ်ပတ် လျှောက်သွားမယ်ဟု ဆုံးဖြတ်ထားတာဖြစ်သည် ။ အပြင်ထွက်ရန် အသင့်ပြင်နေပြီးတဲ့ အချိန် မာမီ့ထံမှ ဖုန်းဝင်လာတာမို့ စိတ်နည်းနည်းပျက်သွားသည် ။

သူက တစ်ဦးတည်းသော သား ဖြစ်၏။ မာမီ့ကို သူ အလွန်ချစ်ပါသည် ။ နောက်ပြီး တစ်နှစ်မှာ ခြောက်လလောက်သာ မာမီနှင့်အတူ နေခွင့်ရပြီး ကျန်အချိန်တွေက ခွဲခွာနေရတာမို့ စိတ်ချမ်းသာစေချင်သည် ။

တစ်ဦးတည်းသော သားပီပီ ဆိုးနွဲ့ချင်ပေမဲ့ ကိုယ့်ဆန္ဒတွေကို နှစ်သိမ့်ကာ မငြင်းဆန်တော့ဘဲ အပေါ်ထပ်သို့ ပြေးတက်ခဲ့သည် ။

မီးခံသေတ္တာသော့ကို ဖွင့်၍ စိန်ထုပ်ကို အလျင်အမြန်ယူသည် ။ မာမီ့

ဆိုင်ရှိရာ ပလာဇာသို့ မတ်ဘူးကားလေးကို မောင်းပြီး ထွက်ခဲ့သည် ။

ဆိုင်သို့ရောက်တော့ မာမီ့ဝယ်လက်က တခြားသူမဟုတ်။ သူငယ်ချင်းတစ်ယောက်ရဲ့ အဒေါ်ဖြစ်နေသည် ။ သူ့ကိုမြင်တော့ အန်တီက ပြုံးပြနှုတ်ဆက်သည် ။

သူကလည်း ပြန်လည်နှုတ်ဆက်ရင်း မာမီ့ကို စိန်ထုပ်ပေးပြီး ပြန်ခဲ့သည် ။

ပလာဇာ လှေကားထစ်အတိုင်း အေးဆေးစွာ ဆင်းလာမိသည် ။ အားလပ်သွားပြီမို့ တစ်နေရာရာသွားဖို့ စဉ်းစားလာခဲ့သည် ။

ကိုယ့်အတွေးနဲ့ ကိုယ် လှေကားအကွေ့ အရောက်မှာ တော့ မျက်လုံးတွေရော အတွေးတွေပါ လမ်းကြောင်းပြောင်းကုန်သည် ။

လိမ္မော်ရောင်တောက်တောက် အင်္ကျီလေးနှင့် ဒူးဆစ်အုပ်ရုံ ဂျင်းပင်အဖြူလေးကို ဝတ်ဆင်ထားသည် ။ ဘတ်အိတ် အကြီးကြီးတစ်လုံးကို လွယ်ကာ ရှေ့က ဖြတ်လျှောက်သွားသည့် အလင်းတန်းလေး။

မရှည်လွန်း မပုလွန်းတဲ့ အရပ်၊ ဝင်းအိစိုနစ်တဲ့ အသားအရောင်၊ ပြည့်ပြည့်တင်းတင်းနှင့် ကျစ်လျစ်သွယ်လျ လှပသော ခန္ဓာကိုယ်က တော်တော်လှပါသည် ။

မိန်းမလှတွေကို မကြာခဏ မြင်ဖူး ကြုံဖူးနေတာမို့ အထူးအဆန်း မဟုတ်ပါ။ အခု မိန်းကလေးကိုကျတော့ အကြည့်တွေ မလွဲဖယ်နိုင်အောင် ကြည့်ချင်နေမိ၏။

ဝင်းနှစ်နေတဲ့ စင်းဖြောင့်ဖြောင့် လက်လွဲဟန်၊ ဆင်စွယ်လို ဂျူးသွယ်ဖြောင့်တန်းနေတဲ့ ခြေသလုံးလှလှလေးတွေရဲ့ ရွှေ့လျားမှုမှာ အလိုက်သင့် စီးမျောသွားသည် ။

ကော်ဖီဆိုင်ထဲမှာ ဆုံခဲ့တဲ့ နားဆွဲပိုင်ရှင်လေးကို သတိရမိတော့ ရင်ထဲမှာ မောဟိုက်ဟိုက် နွမ်းလျလျ။

တစ်ခါသာဆုံဖူးပေမဲ့ လည်တိုင်ဝင်းဝင်းလေးတွေနှင့် ပခုံးသားအိအိလေးတွေက အသည်းထဲမှာ စူးနစ်နေသည် ။ မှတ်မှတ်ရရ ရှိနေခဲ့သော ရွှေလည်တိုင်က အာရုံထဲမှာ ပြန်ပေါ်လာသည် ။ သေချာနေပါပြီ။

ဒါ ဒါဟာ သူ့ကော်ဖီခွက်ကို နားဆွဲတစ်ဖက်နဲ့ ဖြားယောင်းလိုက်တဲ့ နားဆွဲပိုင်ရှင် ကောင်မလေး။

သူမကို ရှေ့ကနေ တစ်ခါမှ မမြင်ဘူးခဲ့ပါ။ ခပ်မြင့်မြင့် စည်းနှောင်ထားသည့် ခွေလိပ်လိပ် ဆံပင်ကောက်ကောက်လေးတွေ လုံးဝန်းသောလည်တိုင်လေးကိုတော့ အမှတ်တရ ရှိနေဆဲ။

တစ်ခါမှ မမြင်ဖူးသေးသည့် မျက်နှာလေးကို မြင်တွေ့ချင်သည့် စိတ်က ဘယ်လိုမှ ထိန်းချုပ်မရ။ ကောင်မလေး အရှေ့ဘက်ဆီသို့ ကျော်တက်ရန် ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလိုက်သည် ။

"ဟိတ် ကျော်"

ခပ်သွက်သွက်လှမ်းနေသည့် ခြေလှမ်းတွေ တွန့်ဆုတ်သွားသည် ။ ခြေလှမ်းငါးလှမ်းတောင် မပြည့်သေးခင် ရုတ်တရက်ခေါ်သံကြောင့် စိတ်ပျက်သွား၏။

ခပ်ကျယ်ကျယ် ခေါ်လိုက်သည့် အသံရှင်ကို မျက်မှောင်ကြုတ်ပြီး သမင်လည်ပြန် လှည့်ကြည့်မိသည် ။

တောက်ပသော အနီရဲရဲ ဝတ်စုံဖြင့် ကြွရွလှပနေသော စန္ဒီကို တွေ့ရသည် ။ ပြုံးတုံ့တုံ့လေးဖြင့် ခပ်သွက်သွက်လှမ်းလာနေသည့် စန္ဒီကို မြင်တော့ နှာခေါင်းကို တွန့်ရှုံ့လိုက်မိသည် ။

ပြီးမှ စိတ်ကိုပြေလျော့ကာ မျက်နှာကိုပြင်လိုက်သည် ။ စန္ဒီက စိတ်ဆိုးလျှင် အတော်နှင့် အလျှော့ပေးတတ်သူ မဟုတ်။ သူများကို ဘယ်တော့မှ အပြစ်မရှာတတ်သလို သူ့ကိုစိတ်နာအောင် လုပ်လျှင်လည်း ခွင့်လွှတ်တတ်သူ မဟုတ်။

အာကာတို့လိုပဲ T.T.C မှာ ကတည်းက ခင်ခဲ့ကြတဲ့ သူငယ်ချင်းတွေမို့ စန္ဒီအကြောင်းကို သူ ကောင်းကောင်း သိပါသည် ။

သူက စိတ်ညစ်သလို နှာခေါင်းရှုံ့လိုက်တာမြင်လျှင် စိတ်ဆိုးမှာ သေချာသည် ။ နားဆွဲလေးကတော့ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားခဲ့ပြီ။

အရေးအကြောင်းကျမှ စန္ဒီကလည်း ဘယ်ကဘယ်လို ပေါက်ချလာသည် မသိ။ ကိုယ် စိတ်ဝင်စားနေတဲ့ မျက်နှာလေးကို မြင်ချင်ဇောကပ်နေချိန်မှာ အဖျက်က ဝင်လာသည် ။

စန္ဒီ စိတ်ဆိုးမှာ လည်း မလိုလား။ ရင်ထဲမှာ လည်း မတင်မကျ အောင့်သက်သက်ကြီး ဖြစ်သွားသည် ။

စည်းချက်ညီ ဒေါက်ဖိနပ်သံ တခွပ်ခွပ်နှင့် ပြေးလာသည့် စန္ဒီကို ရပ်စောင့်နေရသည် ။ မျက်ဝန်းတို့ ကတော့ ဝေး၍ ဝေး၍ သွားသော ကောင်မလေးဆီတွင် သာ။

မှေးမှိန် ပျောက်ကွယ်သွားတော့မည့် ပုံရိပ်လေးကို နှမြောတသစွာ ကြည့်နေရတာ မသက်သာလှပါ။

"ဟဲ့ ကျော် နင် ဘာတွေကြည့်နေတာလဲ"

အနားရောက်လာတဲ့ စန္ဒီက ပခုံးကို ခပ်ဆတ်ဆတ် ပုတ်လိုက်ပြီးပြောသည် ။ အမူအရာ မပြမိပေမဲ့ မကျေမချမ်းဖြင့်

"နင်ကရော ဘာလာလုပ်တာလဲ"

"အံမယ် သူကများ စန္ဒီကို ဆီးဟောက်နေရသေးတယ်၊ ဘာလာလုပ်တာလဲ သိချင်ရင် နင့်မာမီကို သွားမေးကြည့်ပါလား"

"ဩော် နင်က အန်တီထားနဲ့ အတူ ပစ္စည်း လာအပ်တာလား"

"ဟုတ်တယ်လေ စန္ဒီတို့ က ဆိုင်က ပစ္စည်းတွေကို သဘောမကျလို့ အိမ်က ပစ္စည်းပြမယ်ဆိုပြီး နင့်ကိုလာပို့ခိုင်းတာ၊ နင့်ကို မတွေ့ရတာကြာလို့ စောင့်နေသေးတယ်၊ ရောက်မလာတာကြာလို့ စိတ်ဝင်စားတဲ့ ပစ္စည်းတွေ့ရင် ဝယ်ဖို့ ပလာဇာထဲကို လျှောက်ပတ်နေတာ၊ ငါ့မှာ နင်ပြန်ရောက်လာရင် မဆုံမှာ စိုးလို့ ဝေးဝေးတောင် မသွားဘဲ တစ်လွှာထဲမှာတင် ပတ်ကြည့်နေတာတောင် လွဲဖြစ်အောင် လွဲသေးတယ်၊ ငါဆိုင်ပြန်ရောက်တော့ နင် ပြန်သွားပြီဆိုလို့ အသည်းအသန် လိုက်လာတာ ဖတ်ဖတ်ကိုမောရော"

ရှည်လျား ပျင်းရိဖွယ် စန္ဒီစကားကို စိတ်မပါစွာ နားထောင်နေရသည် ။ မျက်ဝန်းတွေကတော့ ရွှေအိုရောင် ဆံနွယ်ပိုင်ရှင်လေး ရှိသေးလို ရှိသေးငြား ရှာဖွေနေမိသည် ။

ဖျော့တော့တော့ မျှော်လင့်ချက်တွေက ပျောက်ရှသွားခဲ့ပါပြီ။ ဘယ်တော့များမှ တွေ့ဆုံနိုင်မှာ လဲ ကောင်မလေးရယ်။

"ဟင်း"

လေးလေးလံလံ သက်ပြင်းမောကို ခိုးချမိသည် ။ အရေးအကြောင်းဒိန်ဒေါင်းလာဖျက်သည့် စန္ဒီကိုပဲ စိတ်ထဲမှာ ကျိန်ဆဲနေမိသည် ။

"ဘာဖြစ်တာလဲ သက်ပြင်းတွေ ဘာတွေချလို့ ၊ နင်နော် ပြန်ရောက်လာကတည်းက ငါတို့ နဲ့ တစ်ကြိမ်ပဲ ဆုံသေးတယ်၊ တစ်ခါတလေ ငါ့ကို

မွဏီကို လာလည်ပါဦးလား၊ ငါ ဘယ်လောက် အောင်မြင်နေတယ်ဆို တာ နင့်ကို ကြွားချင်လို့ "

စန္ဒီက စပ်ဖြဲဖြဲလေး လုပ်ရှင်း ဆိုသည် ။ ဒီလိုကျပြန်တော့လည်း သူ ငယ်ချင်းမလေးကို အပြစ်မတင်ရက်တော့ပါ။

"တော်ပါပြီဟာ နောက်ကြုံရင်တော့ ရောက်မှာ ပေါ့"

"နင် ဖန်ဖန်နဲ့ ရော ဆုံဖြစ်သေးလား"

"ပြန်ရောက်စက နှစ်ခါသုံးခါလောက် ဆုံဖြစ်သေးတယ်၊ ဒါပေမဲ့ ခု နောက်ပိုင်း မဆုံဖြစ်တော့ဘူး"

စန္ဒီက တွေးတွေးစစ ပုံစံလေးဖြင့်

"အေးလေ သူကလည်း ဘွဲ့တွေ တစ်ဘွဲ့ပြီး တစ်ဘွဲ့ ယူနိုင်ဖို့ ပဲ စိတ် ဝင်စားနေတာဆိုတော့ စာတွေကျက်နေရလို့ မအားဘူး ထင်တယ်၊ ဒီလို ပါပဲ ဒီအရွယ်တွေက လုပ်ငန်းခွင်ထဲ ရောက်လာကြပြီဆိုတော့ ဘယ်မှာ လာ အားတော့လို့ လဲ၊ နင်တောင် သဘော်ပေါ်က ဆင်းလို့ ရတဲ့ အားလ ပ်ချိန်လေးမှာ အားအားယားယား မနေဘဲ သင်တန်းပေါင်းစုံတက်ပြီး အ ရာရှိ စာမေးပွဲ တစ်ခုပြီးတစ်ခု ဖြေဖို့ ကြိုးစားနေတာပဲ မဟုတ်လား"

စန္ဒီစကားကို ခေါင်းညိတ် ထောက်ခံမိသည် ။ မှန်ပါသည် ။ သူတို့ သူ ငယ်ချင်း ငါးယောက်စလုံးက အရွယ်ရောက်လာသည့် အချိန်ကစပြီး ကို ယ့်လမ်းကိုယ် လျှောက်နေကြသူတွေ။

သူက အသက် အစိတ်ကျော်ရုံလေးနဲ့ ချိမိတ် တစ်ယောက်ဖြစ်အောင် ကြိုးစားနိုင်ခဲ့သလို ဖန်ဖန်ကလည်း M.B.B.S ဘွဲ့ရရုံနဲ့ မကျေနပ်ဘဲ အင်္ဂ လန်မှာ FRCS ဘွဲ့ကို ထပ်မံရယူထားပြီး ဖြစ်သည် ။

စန္ဒီကတော့ အသက်ငယ်ငယ်ရွယ်ရွယ်လေးနှင့် မိန်းမသားဖြစ်ပေမ

ယ့် ကုမ္ပဏီတစ်ခုကိုတော့ ဦးစီးလုပ်ကိုင်နိုင်နေပြီ။ အာကာနဲ့ နေဝဏ္ဏတို့ကတော့ မိဘတွေက သိပ်ပံ့ပိုးနိုင်သူတွေ မဟုတ်ကြပါ။

နဂိုကတည်းက အနုပညာ စိတ်ဝင်စားကြသူတွေပီပီ နှစ်ယောက်ပေါင်းကာ ဗီဒီယိုထုတ်လုပ်ရေး ကုမ္ပဏီ တည်ထောင်ထားသည် ။

ငယ်သူငယ်ချင်းတွေ ကိုယ်စီ ကိုယ်စီ တာဝန်တွေနှင့် ရှင်သန်နေကြရသည် ။ ဘဝတွေက မတူညီပါ။

T.T.C ကျောင်းသား ဘဝတုန်းကတော့ သူငယ်ချင်းတွေ တစ်ယောက်ကို တစ်ယောက် သံယောဇဉ် ကြီးမားကြသည် ။ ဆယ်တန်း အောင်ပြီးတဲ့ အချိန်မှာ တော့ အားလုံး ကွဲကုန်သည် ။

ကိုယ်ဝါသနာပါရာဘက်မှာ နင်းလျှောက်ကြိုးစားကြရင်းက တစ်ယောက်နဲ့ တစ်ယောက် အနည်းငယ် စိမ်းသက်သွားသည် ။

ခင်မင်မှု မရှိကြတာမျိုးတော့ မဟုတ်ပါ။ အလုပ်တွေ ကြားမှာ အချိန်မပေးနိုင်ကြတော့တာပဲ ဖြစ်သည် ။

"ကျော် နင် ဘာမှ မဝယ်တော့ဘူးလား"

"မဝယ်တော့ဘူး နင်ရော"

"ငါလည်း မဝယ်တော့ပါဘူးဟာ၊ ကြဲတုန်း ကြဲခိုက် နင်နဲ့ ထိုင်ပြီး စကားပြောချင်ပေမယ့် ကိစ္စလေးရှိသေးလို့ ခွင့်ပြဦးဟာ"

နှုတ်ဆက်ပြီးသည် နှင့် သူ့ကို လက်ရမ်းပြကာ ခပ်သွက်သွက် ထွက်ခွာသွားသည် ။ စန္ဒီကို ကြည့်ပြီး ပခုံးတစ်ချက် တွန့်မိပါသည် ။

အအတူနေတဲ့ အဒေါ်ကိုတောင် မစောင့်တော့။ များ ပြားသည့် အလု

ပ်တွေကြားမှာ ပိတ်လှောင်နေသော စန္ဒီကို မြင်ရတာ မွန်းကြပ်လွန်းလှပါသည် ။

မိန်းမတစ်ယောက် ထက်မြက်တာကို သူ လက်ခံပါသည် ။ အတိုင်းထက်လွန်သော ရုန်းကန်မှုကိုတော့ သူ သဘောမကျတာ သေချာသည် ။

မိန်းမဆိုတာ မိန်းမပဲလေ။

***

အခန်း(၃)

"ဒါဘာလဲ ဟော့"

မာမီက နားဆွဲတစ်ဖက်ကို ကိုင်မြှောက်လူပ်ရမ်းရင်း သူ့အခန်းထဲ ဝင်လာသည် ။ အိပ်ချင်မူးတူးဖြင့် မျက်လုံးနှစ်ဖက်ကို ပွတ်သပ်ကာ ဖွင့်ကြည့်မိ၏။

လေထဲမှာ ဝေ့ဝဲလူပ်ရမ်းနေသော နားဆွဲလေးတစ်ဖက်ကို မြင်တွေ့လိုက်ရတော့ ရင်ထဲမှာ ဒိတ်ခနဲ လူပ်ရမ်းသွားသည် ။

သွားပြီ။ ညက ရွှေအိုရောင်ဆံပင်နဲ့ ကောင်မလေးကို သတိရမိတာကြောင့် နားဆွဲလေးကို ထုတ်ကြည့်ခဲ့သည် ။

နားဆွဲလေးကို ဟိုဒီ လှည့်ကြည့်နေရင်းက စတင်ဆုံဆည်းခဲ့သည့် နေ့ကစပြီး ဒုတိယအကြိမ်နေ့တွေကို အမှတ်ရ တမ်းတနေမိသည် ။

စိတ်ကူးယဉ် နာရီတွေထဲမှာ ပျော်ဝင်ကာ နားဆွဲလေးကို သိမ်းဖို့ မေ့လျော့ပြီး အိပ်ပျော်သွားခဲ့တာ ဖြစ်သည် ။

မာမီ့ မျက်ခုံးတွေ တွန့်ကုပ်လျက် သူ့ခုတင်ဆီသို့ တရွေ့ရွေ့လှမ်းလာနေသည် ။ မာမီ့နှုတ်က မေးလာသည့် သံသယ မေးခွန်းတွေကို ဖြေဖို့ သူ့မှာ ရုတ်ချည်းစကားလုံးတွေ မရှိပါ။

မာမီ့ရဲ့ ဗျစ်တောက် ဗျစ်တောက် စကားတွေနှင့် မေးခွန်းတွေကို

စောစောစီးစီး ရင်ဆိုင်ရတော့မည်။ သည် တော့ မာမီအနားကို ရောက်မ လာခင် သူစောင်ကို ခေါင်းမြီးခြုံကာ အိပ်ပစ်လိုက်၏။

"ကျော် အခုချက်ချင်း ထစမ်း၊ ဒါ ဘယ်ကောင်မလေးရဲ့ ပစ္စည်းလဲ၊ မ င်း မာမီ့ကိုတော့ လိမ်မယ် မကြံနဲ့ နော်"

ကြည့် ထုံးစံအတိုင်း မာမီ့ပြဿနာတော့ ရှာနေပြီ။ သူ့အခန်းထဲမှာ အမျိုးသမီး အသုံးအဆောင် ဒီနားဆွဲလေးကို တွေ့လိုက်တာကိုက သူ့ရဲ့ ပေါ့လျော့မှုပါပဲ။

မာမီမေးနေတာကို ငြင်းဆို ဥပေက္ခာပြုလို့ မရနိုင်တာလည်း သိတာ မို့ ခြုံစောင်ကို ကိုယ်ပေါ်က ခွာပစ်ရင်း မျက်လုံးတွေပွတ်သပ်အကြော တွေဆန့်ကာ အရေးမကြီးသလို လုပ်ပစ်လိုက်၏။

"သား ပြောစမ်း ဒီပစ္စည်းက ဘာလဲ"

"ဟာဗျာ မာမီကလည်း စောစောစီးစီးဗျာ၊ အိပ်ရေးတောင် မဝသေး ဘူး"

"အိပ်ရေးဝတာ မဝတာ အသာထား၊ ဒီကိစ္စကို ခုချက်ချင်း မင်း မာမီ့ ကို ရှင်းချက်ထုတ်စမ်း၊ ဒါ ဘယ်သူ့ပစ္စည်းလဲ၊ ဒီပစ္စည်းပိုင်ရှင်က မင်းနဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ မာမီ့ကို မှန်မှန်ကန်ကန် ပြောစမ်း"

မာမီ့ရဲ့ သံသယတွေကတော့ လိုတာထက် ပိုနေပြီ၊ တကယ်ဆို ဘာမှ မဟုတ်သေးသည့်ကိစ္စ။ လိမ်ညာစရာ အဖြစ်လည်း မဟုတ်တာမို့ သူရှင်း လို့ မဝံ့စရာ မရှိ။

"ဘာမှ မဟုတ်တဲ့ ကိစ္စပါ မာမီရာ၊ ဟိုတလောက ကော်ဖီဆိုင်ထဲမှာ သား သားကော်ဖီခွက်ထဲကို ပြုတ်ကျလာတာ၊ ဘယ်ကောင်မလေးပစ္စည်းမှန်းတောင် မသိဘူး"

"ဘယ်လို ဘယ်လို မာမို့ကို အသေအချာ ပြောစမ်း"

သူခုတင်စွန်းမှာ ဝင်ထိုင်ပြီး မာမီ မေးသည် ။ သူ ဆတ်ခနဲ ထထိုင်ရင်း ခေါင်းက ဆံပင်တွေကို သပ်တင်လိုက်၏။

မာမို့မျက်ဝန်းတွေက သူ့မျက်နှာကို အကဲခတ်နေမှာ တော့ သူသိပါသည် ။ တစ်ဦးတည်းသော သားနှင့် ပတ်သက်လျှင် မာမီက အမြဲတမ်း စိုးရိမ်ပူပန်တတ်တာ သူ အသိဆုံး။

"ကဲပါဗျာ မာမို့ကို သား အမှန်တိုင်း ပြောပြမယ်၊ အဲဒီရက်က အာကာနဲ့ ဝဏ္ဏာလည်း အတူရှိတယ်"၏

အာကာတို့ နှစ်ယောက်ကို သက်သေထားပြီး အားလုံးကို သူအမှန်တိုင်းပဲ ရှင်းပြမိသည် ။ သူ့စကားဆုံးတော့ မာမီအလိုမကျသေးသော မျက်နှာနှင့်

"အမလေး ရှုပ်ရှုပ်ယှက်ယှက်ကွယ်၊ သား ကော်ဖီခွက်ထဲကိုမှ ဒီနားဆွဲက ပြုတ်ကျလာရတယ်လို့ ထူးထူးဆန်းဆန်း တမင် လုပ်လိုက်ကြတာလား"

"အာ မာမီကလည်း ဘယ်သူက တမင်လုပ်မှာ လဲ၊ ဒါ မတော်တဆ ကိစ္စပါ"

"ပြောလို့ ရမလား၊ အခုခေတ် မိန်းကလေးတွေကလည်း ဉာဏ်နီဉာဏ်နက်တွေက များမှ များ သနဲ့ ၊ ဒါပဲနော် သား၊ မင်း ကလေးမဟုတ်တော့ဘူး၊ ပေါက်ကရ မိန်းကလေးတွေနဲ့ မပတ်သက်မိစေနဲ့ နော်"

ထုံးစံအတိုင်း မာမို့ရဲ့ စိုးရိမ်သောကနှင့် ဓာတ်ပြားဟောင်းကြီးက ဆုံးတော့မည့်မထင်။

"မာမီရယ် သားအကြောင်းလည်း မာမီ သိရက်သားနဲ့ ဗျာ၊ အခု ဒီအ

ချိန်ထိတောင် ရည်းစားမထားတာ မာမီသိရက်နဲ့ "

"အင်းလေး ဒါကြောင့် ပူပန်နေရတာပေါ့၊ သားက ဘာမှ အတွေ့အကြုံရှိတာ မဟုတ်ဘူး ၊ ဒါပဲနော် သား သားရဲ့ ရွေးချယ်မှုက သားနဲ့ မထိုက်တန်တဲ့ မိန်းကလေး မဖြစ်သင့်ဘူး"

မာမီ့ရဲ့ စံချိန်တွေ စံညွှန်းတွေကို ကြားရတော့ သူ ပခုံးတွန့်ပစ်မိရင်း ခုတင်ပေါ်က လျောဆင်းလိုက်သည် ။

"သား ရေမိုးချိုးတော့လေ၊ လေယာဉ်ကွင်းကို သွားရမှာ "

"မာမီ လိုက်မှာ လား"

"လိုက်မှာ ပေါ့ သားရဲ့ ၊ မာမီ မကြိုလို့ ဖြစ်မလား၊ ကိုယ့်ခင်ပွန်းတစ်ယောက်လုံး ပြန်လာမှာ ကို"

"မသိပါဘူး မနေ့က မာမီ ဆိုင်မှာ အလုပ်တွေ အများကြီးရှိနေတယ် ပြောနေသံကြားလို့ "

"အဲဒီကိစ္စတွေကို မာမီ စီစဉ်ပြီးပြီ၊ ကဲ သား ရေမိုးချိုးပြီးရင် ကော်ဖီ ဝိုင်း လာခဲ့နော်၊ ပြီးမှ မာမီတို့ အတူသွားကြတာပေါ့"

ပြောရင်း မာမီ ခုတင်က ထရပ်သည် ။ သူ ဘီရိထဲက အမွေးပွတဘက်ကြီးကို ထုတ်ယူရင်း ရေမိုးချိုးဖို့ ပြင်ဆင်နေ၏။

အခန်းထဲက ထွက်သွားသော မာမီက တံခါးဝမှာ ရှိသည့် အမှိုက်ခြင်းထဲ နားဆွဲလေးကို ပစ်ထည့်လိုက်တာတော့ သူမှန်ထဲက လှမ်းမြင်လိုက်ပါသည် ။

မာမီ့ အရိပ်ပျောက်သွားသည် နှင့် အမှိုက်ပုံးဆီကို သူလှမ်းခဲ့သည် ။ လုံးခြေလွှင့်ပစ်ထားသော စာရွက်တွေမှ အပ ဘာအမှိုက်သရိုက်မှ မရှိ

ပါ။

နားဆွဲလေးကိုတော့ သူ အလွယ်တကူပဲ ရှာတွေ့ပါသည် ။ ကိုယ့်အဖြစ်ကိုယ် စဉ်းစားမိကာ ရယ်ချင်သား။

ဘာမှ တန်ဖိုးမရှိ အရေးမပါသော သည် နားဆွဲလေးကိုမှ သူ ဘာကြောင့် တွယ်ငြိနေခဲ့တာလဲ။ မာမီ သိရင်တော့ တကယ်လွယ်မှာ မဟုတ်။

ရွှေရောင်ဆံနွယ်တွေနှင့် ကောင်မလေးဆိုတာက လွဲလျှင် ဒီနားဆွဲပိုင်ရှင်မလေးရဲ့ မျက်နှာကိုတောင် သူ မြင်ဖူးတာ မဟုတ်။

မာမီကတော့ သူ ကျိန်တွယ်ပြောလျှင်တောင် ယုံမှာ မဟုတ်တာ သေချာသည် ။

နားဆွဲလေးကို သူ့ရဲ့ စားပွဲအံဆွဲထဲမှာ အသေအချာ ထည့်ကာပဲ သိမ်းဆည်းလိုက်ပါသည် ။

ဒီတစ်ခါ မာမီနဲ့ ပြဿနာ ထပ်ဖြစ်ဖို့ မဖြစ်။ နားဆွဲလေးကိုလည်း မာမီ ထပ်တွေ့လို့ မဖြစ်တာ အမှန်။

ရေချိုးခန်းဘက် သူထွက်ခဲ့တော့ အာရုံထဲမှာ ရွှေရောင်ဆံနွယ် အခွေအလိပ်တွေနှင့် မိန်းကလေး အသွင်က ထင်ဟပ်လာဆဲ။

နှစ်ကြိမ်တိုင် ဆုံဖူးပေမဲ့ ကောင်မလေးရဲ့ မျက်နှာလေးကို မြင်ခွင့်မရတော့ ထူးဆန်းပါသည် ။

ဒီတစ်ကြိမ်သာ ထပ်ဆုံခွင့်ရခဲ့ရင်တော့...။

***

လေယာဉ်ကွင်းကို သူရောက်တော့ ရှစ်နာရီခွဲကျော်ပဲ ရှိသေးသည် ။ ဒါပေမဲ့ လေယာဉ်က ဆိုက်နေပြီမို့ မာမီ အလောသုံးဆယ် ဖြစ်နေရှာ၏။

"ဟိုမှာ လေယာဉ်တောင် ဆိုက်နေပြီ၊ မာမီ ပြောသားပဲ နောက်ကျနေပြီလို့ လာ သား မြန်မြန်လေး"

သူလက်ကို ဆွဲကာ မာမီ ဧည့်ကြိုဆောင်ဘက်ကို ခပ်သွက်သွက်လှမ်းသည် ။ သူရေချိုး ကော်ဖီသောက်နေတာ ကြာသွားတာမို့ ဒီလို နောက်ကျကုန်းခြင်း ဖြစ်၏။

ဒါပေမဲ့ ဒယ်ဒီကတော့ သူတို့ မလာမချင်း စောင့်မှာ သေချာပါသည် ။

သဘော်ကပွတိန် တစ်ယောက်ဖြစ်သော ဒယ်ဒီ ခြေရာကို နင်းကာ သူသည် လည်း ချိမိတ်တစ်ယောက် ဖြစ်သည် ။ သားအဖနှစ်ယောက်စလုံး နိုင်ငံတကာ ပင်လယ်ပြင်တွေမှာ အလုပ်တာဝန်နှင့် အချိန်ကုန်ဆုံးတတ်တာမို့ မိသားစု ဆုံခွင့်မလွယ်ပါ။

အခု သူလည်း အလုပ်နားသည့်ကာလမှ ဒယ်ဒီလည်း နားခွင့်နှင့်ပြန်လာခြင်းက မာမီ့အတွက် ဝမ်းသာစရာကောင်းနေမှာ အမှန်။ ဒယ်ဒီကို ကြိုဖို့ အတွက် ပလာဇာက စိန်ရတနာဆိုင်ကို မာမီ ဥပေက္ခာပြုထားရစ်ခဲ့တာကပဲ သက်သေဖြစ်သည် ။

သူလက်ကိုဆွဲကာ မပြေးရုံတမယ် ခြေလှမ်းတွေနှင့် မာမီလှမ်းနေတာမို့ သူလည်း ခပ်သွက်သွက် လိုက်ခဲ့စဉ်

"အင့်"

"အို ကန်တော့ နော်"

မျက်နှာချင်းဆိုင်က မိန်းကလေးနှင့် သူ့ပခုံးစွန်း ထပ်တိုက်ဝင်တိုးမိ၏။ မိန်းကလေးနှုတ်က တီးတိုးတောင်းပန် စကားသံလေးက ချို့ချို့ကလေး လွင့်လာ၏။

"ဟင်"

တကယ်ဆို ကိုယ်ကလည်း အလောတကြီးနှင့် အရင်စလိုဖြစ်နေတာမို့ တောင်းပန်အကြည့်နှင့် လှည့်အကြည့် မြင်လိုက်ရသောမျက်နှာလေးက သူ့ကို အံ့သြမှ ငတက်သွားစေသည် ။

ရွှေရောင် ဆံပင်လေးတွေက ဝင်းပကြည်လင်သော နဖူးပြင်လေးပေါ်မှာ ကပိုကရိုလေး ကျနေသည် ။

ကြည်လင်ပြာလဲ့သော မျက်ဝန်းလေးတွေနှင့်လည်း သူ တစ်ခဏတော့ အကြည့်ချင်း ဆုံမိသည် ။

မျက်ခုံးတန်းတန်းလေးက ထင်းနေ၏။ မျက်ဝန်းတွေက အပြစ်ကင်းစင်ကြည်လဲ့လို့ နှုတ်ခမ်းဖူးဖူးလေးက ပြုံးရိပ်လေးတွေ သမ်းနေတာ အထင်အရှား

တဒင်္ဂ အချိန်လေးမှာ ပင် သူမျက်ဝန်းတွေက သူမရဲ့ နားနုနုလေး နှစ်ဖက်ကို ကြည့်မိပြီး ဖြစ်၏။

ရင်ထဲမှာ ထိတ်ခနဲ ခုန်သည် ။

သူမ နားနှစ်ဖက်မှာ သံစဉ်လေးနှင့် Love နားဆွဲလေးတွေ။

"သား လာ ဟိုမှာ မင်းဒယ်ဒီလက်ပြနေတယ်"

သူ့လက်ကို ဆွဲထားရင်း မာမီ ဝမ်းသာအားရဆိုသည် ။ သူ မာမီ တင်းတင်းကြပ်ကြပ် ဆွဲကိုင်ထားသော လက်တွေထဲမှာ မငြင်းနိုင်ပါဘဲ

ပါသွားခဲ့လေပြီ။

ရွှေအိုရောင် ဆံနွယ်မင်းသမီးလေးကတော့ ခေါင်းကလေးလှည့်ကာ ပြန်ထွက်သွားခဲ့လေပြီ။

သေလိုက်စမ်း တတိယအကြိမ် ဆုံတွေ့မှုကို ကံကြမ္မာက ပေးခဲ့ပြန်ပြီပေါ့။

ဒါပေမဲ့ ဒီတစ်ခါလည်း သူမနှင့် မျက်နှာချင်းဆိုင် ဆုံတွေ့ခွင့်လေးက တစ်ခဏလေးပါပဲ။

"လေယာဉ်ဆိုက်တာ ကြာပြီလား ကို၊ နီတို့ လည်း နည်းနည်း နောက်ကျသွားတယ်၊ ကို့သား အိပ်ပုတ်နေလို့ လေ"

"ရပါတယ်ကွာ အခုလေးတင် ဆိုက်တာပါ၊ သား နေကောင်းတယ် နော်"

ဒယ်ဒီက သူ့ပခုံးတွေကို ဆုပ်ကိုင်ပြီးနှုတ်ဆက်သည် ။ အနက်ရောင် အနောက်တိုင်းဝတ်စုံနှင့် ဒယ်ဒီသည် ခန့်ညားနေ၏။ ဒယ်ဒီ့ကို နှုတ်ဆက်နေရင်း သူ့စိတ်က ထိပ်တိုက် ဆုံခဲ့ရသော သူမဆီမှာ ပဲ ကျန်ခဲ့သလို ဖြစ်နေခဲ့သည် ။

ဒီတစ်ခါတော့ အခွင့်အရေးတစ်ခုကို သူ အလွယ်တကူ မစွန့်ပစ်နိုင်ပါ။

"ဒယ်ဒီနဲ့ မာမီ ခဏစောင့်နော်၊ ဒယ်ဒီ့ပစ္စည်းတွေ ထုတ်ဖို့ သားစီစဉ် ဦးမယ်"

အကြောင်းပြကာ သူ ခပ်သွက်သွက် ခြေလှမ်းတွေနှင့် လှမ်းခဲ့တာ သူမ ရှိမည့် ဧည့်ကြိုဆောင် အပြင်ဘက်ဆီကို ဖြစ်သည် ။

ဒါပေမဲ့ သူ့ မျှော်လင့်ချက်တွေ အရာမထင်ခဲ့ပါ။

သူမရဲ့ ပုံရိပ်ကလေးက ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့လေပြီ။

ဟိုဟို သည် သည် ငေးရင်း သူ့ရင်ထဲမှာ မချိတင်ကဲ ခံစားနေခဲ့ရတာတော့ အမှန်။

ဘာကြောင့်များ သူမနှင့် ဆုံနိုင်ခွင့်ကိုပြည့်ဝစွာ မပေးရတာလဲ။ မင်းနဲ့ ဆုံတွေ့ခဲ့ပုံကလည်း ထူးဆန်းသလို ပြန်ဆုံနိုင်ခွင့်ရခဲ့တာလည်း အကြိမ်ပါပဲ။

ဒါပေမဲ့

ကိုယ်တို့ ရင်းနှီးကျွမ်းဝင်ခွင့်က ဘာကြောင့်များ ခက်ခဲနေရတာလဲ။

***